
# မကြာမီလာမည်!




## ကမ္ဘာရွာအစွန်အဖျားမှ ဖွံ့ဖြိုးဆဲအာရှနိုင်ငံများ

### ထွန်းသစ်စ ဈေးကွက်များ၏ မျိုးဆက်သစ်

Alfred Schipke တည်းဖြတ်သည်

ကမ္ဘာ့စီးပွားရေးဇာတ်ခုံပေါ်တွင် ထွန်းသစ်စဈေးကွက်များအနေဖြင့် အရေးပါသောအခန်းကဏ္ဍ တစ်ခုတွင် အချိန်အတိုင်းအတာတစ်ခုအထိ ပါဝင်ခဲ့ပြီး လက်ရှိအချိန်တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာရွာအစွန်အဖျားနိုင်ငံများဟု တစ်ခါတစ်ရံ သမုတ်ခံရသည့် လျင်မြန်စွာတိုးတက်လာနေသော ဝင်ငွေနိမ့်နိုင်ငံများအုပ်စုသစ်တစ်ခု သည် အများ၏အာရုံပြုမှုတိုးတက်ရရှိလာခဲ့ပြီး အရင်းအနှီး ဈေးကွက်များ၏ မျက်စေ့ကျခြင်းကိုလည်း ခံလာရသည်။ မေးခွန်းထုတ်စရာရှိသည်မှာ အဆိုပါ နိုင်ငံများအနေဖြင့် ထွန်းသစ်စဈေးကွက်များ၏ အနာဂတ်မျိုးဆက်များဖြစ်လာမည်လား၊ ပိုမို လျင်မြန်စွာတိုးတက်ပြီး ကမ္ဘာရွာအစွန်အဖျားနိုင်ငံများ အုပ်စုသို့ ဝင်ရောက်လိုသည့် အခြားသော ဝင်ငွေနိမ့်နိုင်ငံများအတွက် သင့်လျော်မည့် မည်သည့် သင်ခန်းစာများရယူနိုင်မည်နည်း ဆိုသည့် မေးခွန်းများပင်ဖြစ်သည်။

ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့အပါအဝင် စုစုပေါင်းလူဦးရေ သန်း၃၅ဝကျော်ရှိသည့် ကမ္ဘာရွာအစွန်အဖျားမှ ဖွံ့ဖြိုးဆဲအာရှနိုင်ငံများသည် ကမ္ဘာ၏ တိုးတက်မှုအမြန်ဆုံးဒေသအတွင်း တည်ရှိနေကြပြီး အလုပ်ဖြစ်နိုင်ဖွယ်ရှိသော လူဦးရေဖွဲ့စည်းပုံအနေအထားကိုလည်း ပိုင်ဆိုင်ထား ကြသည်။ လူမျိုးဘာသာကွဲပြားခြားနားမှုများစွာရှိကြသော်လည်း အဆိုပါနိုင်ငံများအနေဖြင့် မက္ကရို စီးပွားရေးဆိုင်ရာ၊ ဘဏ္ဍာငွေကြေးဆိုင်ရာနှင့် ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဍာန်ဆိုင်ရာ စိန်ခေါ်မှုတို့တွင် များစွာ တူညီကြသည်။ ဤစာအုပ်တွင် စီးပွားရေးတိုးတက်မှုနှင့် ဖွဲ့စည်းတည်ဆောက်ပုံ အသွင်

ကူးပြောင်းရေးနှင့် ပတ်သက်ယှက်နွယ်နေသည့် ပြဿနာများ၊ ဆင်းရဲတွင်းထောင်ချောက်နှင့် မြင့်တက်လာနေသောဂင်ငွေမညီမျှမှုတို့၏ အန္တရာယ်တို့ကို ဖော်ထုတ်ထားသည်။ ထို့အပြင် ဤစာအုပ်တွင် ဘဏ္ဍာရေးကဏ္ဍနှင့် ငွေကြေးမူဝါဒ လုပ်ငန်းဘောင်ဆိုင်ရာ ပြဿနာများစွာကိုလည်း ဆန်းစစ်လေ့လာထားသည်။

**တည်းဖြတ်သူ အယ်ဒီတာနှင့် ပတ်သက်၍ ..**

Alfred Schipke သည် တရုတ်နိုင်ငံဆိုင်ရာ IMF ရုံး၏ အကြီးတန်းဌာနေကိုယ်စားလှယ်ဖြစ်သည်။ ယခင်က IMF အာရှပစိဖိတ်ဌာန၏ ဌာနခွဲအကြီးအကဲတာဝန်ထမ်းဆောင်ခဲ့ပြီး အဆိုပါဌာနတွင် အရှေ့တောင်အာရှ (ကမ္ဘောဒီးယားအစွန်အဖျား နိုင်ငံများ) မှ လျင်မြန်စွာတိုးတက်လာနေသည့် ဂင်ငွေနိမ့် နိုင်ငံများနှင့် သက်ဆိုင်သော လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အပြင် IMF ၏ ဗီယက်နမ် မစ်ရှင်ကိုလည်း ဦးစီးဦးဆောင်ပြုခဲ့သည်။

# မာတိကာ

**နိဒါန်း**

၁. ကမ္ဘာ့ရှေ့အစွန်အဖျား ဖွံ့ဖြိုးဆဲအာရှနိုင်ငံများ၏ မြင့်တက်လာသော အရေးပါမှု

*Alfred Schipke*

၂. ထွန်းသစ်စဈေးကွက်များ၏ အတွေ့အကြုံများမှ သင်ခန်းစာများ

*Itai Agur, Mangal Goswami, Shinichi Nakabayashi, and Sunil Sharma*

**အသွင်ကူးပြောင်းနိုင်ငံများနှင့် တိုးတက်မှု**

၃. ကဏ္ဍစုံချဲ့ထွင်ခြင်း၊ တိုးတက်မှုနှင့် မတည်မငြိမ်ဖြစ်ခြင်း

*Chris Papageorgiou, Nicala Spatafora, and Ke Wang*

၄. တိုးတက်မှုတုန့်ဆိုင်းလာခြင်း- ကမ္ဘာ့ရှေ့အစွန်အဖျား ဖွံ့ဖြိုးဆဲအာရှနိုင်ငံများအကြား ကွဲပြားခြားနားမှုရှိသလား?

*Longmei Zhang and Damien Puy*

၅. အားလုံးပါဝင်နိုင်သည့်တိုးတက်မှုကိုရရှိခြင်း

*Ravi Balakrishnan, Chad Steinberg, and Murtaza Syed*

**မူဝါဒလုပ်ငန်းဘောင်များကို ခိုင်မာအောင်ပြုလုပ်ခြင်း**

၆. ဘဏ္ဍာရေးကဏ္ဍကိုနက်ရှိုင်းအောင်ပြုလုပ်ခြင်းနှင့် အသွင်ကူးပြောင်းခြင်း

*Era Dabla-Norris, Yasuhisa Ojima, and Marco Arena*

၇. ဘဏ္ဍာရေးကဏ္ဍ၏ထိရှလွယ်မှုများကို ဖော်ထုတ်ခြင်း

*Todd Schneider, Faisal Ahmed, Rina Bhattacharya, Sergei Dodzin, Souvik Gupta, Jongsoon Shin, and Xuan Tu*

၈.	အရင်းအနှီးဈေးကွက်များနှင့် ကမ္ဘာရွာအစွန်အဖျားနိုင်ငံများ

*Nehad Chowdhury, Martin Edmonds, and Chris Walker*

၉.	ငွေကြေးမူဝါဒလုပ်ငန်းဘောင်ကို ခိုင်မာစေခြင်း

*Ashvin Ahuja, Nombulelo Duma, Sarwat Jahan, Yasuhisa Ojima, and Alexandra Peter*